**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့**
**ကျန်းမာရေးဝန်ကြီးဌာန**
**ထုတ်ပြန်ကြေညာချက်အမှတ် (၂/၂၀၂၄)**
**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်**

၁။ ရက္ခိုင့်တပ်တော်၊ သတင်းနှင့်ပြန်ကြားရေး ထုတ်ပြန်ချက်အရ (၂၇-၂-၂၀၂၄) ရက်နေ့၊ နံနက် (၁) နာရီ၊ (၄၅) မိနစ်အချိန်တွင် ရက္ခိုင်ပြည်၊ မင်းပြားမြို့နယ်ရှိ မင်းဖူးဆေးရုံကို အကြမ်းဖက်စစ်ကောင်စီက ဂျက်တိုက်လေယာဉ်တစ်စီးဖြင့် တမင်တကာ ရည်ရွယ်ချက်ရှိရှိ လာရောက်ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်းနှင့် အဆိုပါတိုက်ခိုက်မှုကြောင့် ဆေးရုံ၏ အဆောက်အအုံအများစု ထိခိုက်ပျက်စီးခဲ့ရပြီး ဆေးဝါးကုသမှုခံယူနေကြသည့် အပြစ်မဲ့အရပ်သားပြည်သူများ၊ ဆေးရုံဝန်ထမ်းများ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ကြောင်း သိရသည်။ အဆိုပါဆေးရုံသည် စစ်ကောင်စီတပ်ဖွဲ့ဝင် သုံ့ပန်းများ၊ သုံ့ပန်းမိသားစုဝင်များကို ဆေးကုသပေးနေသော အရပ်ဘက်ဆေးရုံတစ်ခုလည်း ဖြစ်ပါသည်။

၂။ (၂၀-၂-၂၀၂၄) ရက်နေ့တွင် ရက္ခိုင်ပြည်၊ ရမ်းဗြဲမြို့ကို အကြမ်းဖက်စစ်ကောင်စီက တိုက်လေယာဉ်ဖြင့် ဖျက်အားပြင်းဗုံးများ ကြဲချတိုက်ခိုက်ခဲ့ရာ မြို့မဆေးရုံ တစ်ခုလုံး၊ မြို့မဈေး၊ သီလရှင်ကျောင်းနှင့် လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည်။

၃။ (၉-၂-၂၀၂၄) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့ရှိ ပြည်သူ့ဆေးရုံကို အကြမ်းဖက်စစ်ကောင်စီက လေကြောင်းဖြင့် ဗုံး (၄) လုံး ကြဲချတိုက်ခိုက်ခဲ့ရာ ဆေးရုံတစ်ခုလုံး ကြီးမားစွာ ထိခိုက်ပျက်စီးခဲ့ပြီး လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ အချိန်မီတိမ်းရှောင်နိုင်ခဲ့သဖြင့် ထိခိုက်မှု မရှိခဲ့ပါ။

၄။ အကြမ်းဖက်စစ်ကောင်စီသည် ဂျီနီဗာကွန်ဗန်းရှင်း (Geneva Conventions) ၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၊ လူသာချင်းစာနာထောက်ထားရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေများနှင့် ပြည်တွင်း/ပြည်ပဥပဒေများကို မျက်ကွယ်ပြု၍ ကျန်းမာရေးကဏ္ဍနှင့် အပြစ်မဲ့ပြည်သူများအပေါ် တမင်ရည်ရွယ်ပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို အကြိမ်ကြိမ် ရက်စက်စွာ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရသည်။

၅။ (၁-၂-၂၀၂၁) ရက်နေ့မှ ယနေ့အထိ မြန်မာနိုင်ငံတွင် ကျန်းမာရေးကဏ္ဍအပေါ် အကြမ်းဖက်စစ်ကောင်စီ၏ အကြမ်းဖက်တိုက်ခိုက်မှုပေါင်း (၁,၂၀၀) ကျော်အထိ ရှိခဲ့ပြီး ဆေးရုံ/ဆေးခန်း ပျက်စီးမှု (၃၀၈) ခု၊ ကျန်းမာရေးလုပ်သားများ သတ်ဖြတ်ခံရမှု (၁၀၄) ဦး၊ ကျန်းမာရေးလုပ်သားများ ထိခိုက်ဒဏ်ရာရရှိမှု (၁၃၆) ဦး ရှိခဲ့ပါသည်။

(https://insecurityinsight.org/country-pages/myanmar)

၆။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရက္ခိုင့်တပ်တော်၊ ရက္ခိုင်ပြည်သူတို့နှင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းအပါအဝင် မြန်မာတစ်နိုင်ငံလုံးမှ တိုင်းရင်းသားပြည်သူအပေါင်းနှင့်လည်းကောင်း တရားမျှတမှုဘက်၌ အတူတကွ တစ်သားတည်း လက်တွဲရပ်တည်၍ အကြမ်းဖက်စစ်ကောင်စီကို တော်လှန်တိုက်ထုတ်လျက်ရှိပါသည်။

၇။ အကြမ်းဖက်စစ်ကောင်စီနှင့် လက်တွဲ၍ ကျန်းမာရေးကဏ္ဍအပေါ် အကြမ်းဖက်လုပ်ရပ်ကျူးလွန်သူအားလုံးကို ပြည်သူ့တရားဥပဒေနှင့်အညီ ပြင်းထန်ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပြီး တရားမျှတမှု ပြန်လည်ရရှိအောင် ဆောင်ကျဉ်းသွားမည်ဖြစ်ပါသည်။ နိုင်ငံတကာအနေဖြင့်လည်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ မြန်မာနိုင်ငံ၌ ကျန်းမာရေးကဏ္ဍနှင့် အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်စစ်ကောင်စီ၏ အဆက်မပြတ် အကြမ်းဖက်တိုက်ခိုက်မှုများကို လစ်လျူရှုမထားဘဲ ဖြစ်နိုင်သမျှ နည်းလမ်းများအသုံးပြု၍ အကြမ်းဖက်စစ်ကောင်စီကို မြန်ဆန်ထိရောက်စွာ တားဆီးအရေးယူပြီး ထိခိုက်ခံစားနေရသည့် မြန်မာပြည်သူတို့ဘက်၌ စာနာရပ်တည်ပေးရန် အထူးလိုအပ်နေပေသည်။

၈။ ဝန်ကြီးဌာနအနေဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများ ရှိနေသည့်တိုင် ပြည်သူကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သူရဲကောင်းကျန်းမာရေးဝန်ထမ်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လက်တွဲ၍ အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်း၍ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ထွန်းသည်အထိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကတိသစ္စာပြုပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ

https://moh.nugmyanmar.org/